ဟိန်းလတ်

# လူတိုင်း အောင်နိုင်တယ်

## You Can Win

BY SHIV KHERA

*Winners Don't Do Different Things.*

*They Do Things Differently*



## အခန်း-၁
## အကျိုးပြုအပြုသဘောရဲ့ အရေးပါမှု
## အကောင်းမြင် အပြုသဘောတည်ဆောက်ခြင်း

ပွဲ တော် မှာ မိုးပျံဘောလုံးတွေရောင်းပြီး အသက်မွေးတဲ့ လူတစ်ယောက်ရှိပါတယ်။ သူ့ရဲ့ မိုးပျံဘောလုံးတွေက အရောင်စုံ။ အနီ၊ အဝါ၊ အပြာ၊ အစိမ်း။

ဘောလုံးအရောင်းနည်းနည်းကျသွားတာနဲ့ သူက မိုးပျံဘောလုံးတစ်လုံးကို လေထဲ လွှတ်လိုက်တတ်တယ်။ ကလေးတွေက ဘောလုံးကိုမြင်တာနဲ့ လိုချင်လာကြပြီး သူ့ဆီ လာဝယ်ကြတော့တာပဲ။

ဒီလိုနဲ့ သူ ဘောလုံးတွေ ပြန်ရောင်းရပြန်ရော။

အရောင်းကျသွားတိုင်း သူက ဘောလုံးတွေ တစ်လုံးပြီးတစ်လုံး လေထဲလွှတ်တင်ခဲ့တယ်။

တစ်နေ့တော့ သူ ဘောလုံးလွှတ်နေတုန်း ကလေးတစ်ယောက်က သူ့နားကပ် လာပြီး မေးတယ်။

“ဦးလေးကြီး တစ်ခါမှ အနက်ရောင်ဘောလုံးမလွှတ်ဘူးနော်။ အနက်ရောင်ဘောလုံးဆိုရင် လေပေါ် ပျံ တက်မသွားလို့ လား”

ဘောလုံးရောင်းသူက ပြန်ပြောလိုက်တယ်။

"သားရေ၊ မိုးပေါ်ပျံတက်နိုင်တာက ဘောလုံးအရောင် မဟုတ်ဘူးကွယ့်။ ဘောလုံးထဲ ထည့်လိုက်တဲ့ ဓာတ်ငွေ့ကြောင့် ပဲ" လို့ ပြန်ပြောလိုက်တယ်။

ကျွန်တော်တို့ ဘဝမှာ လည်း ဒီသဘောတရားအတိုင်းပါပဲ။ ကျွန်တော်တို့ အတွင်းမှာ ရှိတဲ့ အရာက ကျွန်တော်တို့ အနေအထားကို ပြဋ္ဌာန်းပါတယ်။ ဟားဗတ်တက္ကသိုလ်က "ဝီလျံဂျိမ်းစ်" က ပြောဖူးတယ်။

"ကျွန်တော့်မျိုးဆက်ရဲ့ အကြီးမားဆုံး တွေ့ရှိချက်ကတော့ လူသားတွေဟာ စိတ်သဘောထား ပြောင်းလိုက်ရုံနဲ့ သူတို့ ဘဝကို ပြောင်းလိုက်နိုင်တယ်ဆိုတာပါပဲ"

လို့ ပြောခဲ့ပါတယ်။

"ဟားဗတ်တက္ကသိုလ်" ရဲ့ သုတေသနပြုချက်အရ လူတစ်ယောက် အလုပ်ရတာ ဒါမှ မဟုတ် ရာထူးတိုးတာရဲ့ ၈၅ ရာခိုင်နှုန်းဟာ "သဘောထား" ကြောင့် ဖြစ်ပြီး၊ ၁၅ ရာခိုင်နှုန်းက အသိပညာ၊ ဉာဏ်ပညာကြောင့် ဖြစ်တယ်ဆိုတာပါပဲ။ ပညာရေးအသုံးစရိတ်ရဲ့ ၁၀၀ ရာခိုင်နှုန်းဟာ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေ သင်ကြားတာဖြစ်ပြီး ဘဝအောင်မြင်မှုအတွက် ၁၅ ရာခိုင်နှုန်းပဲ သုံးနိုင်တာက အံ့သြစရာပါပဲ။

အခု စာဖတ်သူ ဖတ်နေတဲ့ "လူတိုင်း အောင်နိုင်တယ်" ဆိုတဲ့ စာအုပ်က "အကျိုးပြု သဘောထား" အကြောင်းရေးထားတဲ့ စာအုပ်ပါပဲ။ လူတစ်ယောက်ရဲ့ ဘဝကို အများကြီး ပြောင်းသွားစေနိုင်တဲ့ နည်းတွေ ပေးထားပါတယ်။ အောင်မြင်မှုရဲ့ အခြေခံအုတ်မြစ်က "သဘောထား"ပါ။

* * *

"ဟာဖစ်" ဆိုတဲ့ လယ်သမားတစ်ယောက်ဟာ အာဖရိကမှာ နေပါတယ်။ သူက သူ့ဘဝနဲ့ သူ ပျော်ပျော်နေပြီး ရောင့်ရဲတင်းတိမ်တဲ့ သူပါ။ သူက ရောင့်ရဲလို့ ပျော်တယ်။ သူ ပျော်လို့ ရောင့်ရဲတယ်။ တစ်နေ့တော့ ပညာရှိတစ်ယောက်က လာပြီး သူ့ကို စိန်အကြောင်းလာပြောတယ်။ "မင်းမှာ လက်မလောက်အရွယ်ရှိတဲ့ စိန်ရှိရင် တစ်မြို့လုံးကို ဝယ်နိုင်တယ်။ လက်သီးဆုပ်လောက်ရှိတဲ့ စိန် ဆိုရင်တော့ တစ်နိုင်ငံလုံးကို ဝယ်နိုင်တယ်" လို့ ပြောတယ်။ အဲဒီလိုပြောပြီး ပညာရှိ ပြန်သွားပေမယ့် "ဟာဖစ်"ကတော့ အဲဒီတစ်ညလုံး အိပ်မပျော်နိုင်ခဲ့ဘူး။ သူ မပျော်တော့ဘူး။ သူက မရောင့်ရဲတော့ဘူး။

နောက်နေ့မှာ သူ လယ်ကို ရသမျှနဲ့ ရောင်းပြီး စိန်အရှာထွက်ခဲ့တယ်။ အာဖရိကတစ်တိုက်လုံး လိုက်ရှာတယ်။ မတွေ့ဘူး။ ဥရောပတစ်ခွင် ပြံပြံစင်အောင် ရှာတယ်။ မတွေ့ဘူး။ သူ စပိန်ရောက်တဲ့ အခါကျတော့ ငွေလည်း တစ်ပြားမှ မရှိတော့ဘူး။ လူလည်း ပင်ပန်းနွမ်းနယ် နေလှပြီ။ စိတ်ဓာတ်ကျလွန်းလို့ "ဘာစီလိုနာမြစ်" ထဲ ခုန်ချပြီး သတ်သေဖို့ တောင် စိတ်ကူးမိတယ်။

ရွာမှာ တော့ သူ့လယ်တောကို ဝယ်လိုက်တဲ့ သူက ကုလားအုပ်တွေ ရေချိုးပေးတာ လယ်ကွက်ထဲ ချောင်းဖြစ်လို့ တောင်နေရဲ့ ။ စမ်းချောင်းလေးကို နေကထိုးနေတော့ ကျောက်တုံးတစ်တုံးက အရောင်တလက်လက် ထနေတာ တွေ့လိုက်ရတယ်။

ဒီကျောက်တုံးလေးကို ကောက်ပြီး အဝတ်စနဲ့ ပွတ်ကြည့်လိုက်တယ်။

ဒီညနေမှာ ပဲ ပညာရှိကြီးရောက်လာတယ်။ "ဟာဖစ် ဘယ်မှာလဲ"လို့ မေးတယ်။ လယ်တောဝယ်လိုက်တဲ့ သူက အကျိုးအကြောင်းရှင်းပြတယ်။

ပညာရှိက အဲဒီလူ ကောက်ထားတဲ့ ကျောက်တုံးကို ကြည့်ပြီး "ဒါက စိန်ပဲ" လို့ ပြောတယ်။ လယ်တောတစ်ခုလုံးကို လျှောက်ကြည့်တဲ့ အခါ စိန်တွေချည်းပဲ တွေ့ရတယ်။ "ဟာဖစ်" လိုက်ရှာနေတဲ့ စိန်တွေဟာ သူ ရောင်းလိုက်တဲ့ လယ်တောမှာ အပြည့်ပဲ။

ဒီပုံပြင်ကနေ ဘာသင်ခန်းစာရသလဲ။ သင်ခန်းစာယူစရာ (၆)ခုရှိပါတယ်။

၁။ သဘောထားသာ မှန်ကြရင် ကျွန်တော်တို့ အားလုံးဟာ စိန်တွေ အပြည့်ရှိတဲ့ မြေပေါ်မှာ လမ်းလျှောက်နေကြတဲ့ သူတွေချည်းပါပဲ။ အခွင့်အရေးတွေက ကျွန်တော်တို့ ခြေထောက်အောက်မှာ ရှိတယ်။ ကျွန်တော်တို့ ဘယ်ကိုမှ သွားရှာနေစရာမလိုဘူး။ ကိုယ့်အရည်အသွေးနဲ့ အခြေအနေ ကိုယ်သိဖို့ ပဲ လိုတယ်။

၂။ လူတွေက တခြားနေရာကို ပိုမျှော်ကြည့်တတ်ကြတယ်။

၃။ ကိုယ်က တခြားနေရာကို မျှော်ကြည့်နေချိန်မှာ တခြားလူတွေကလည်း ကိုယ့်နေရာကို မျှော်နေကြတယ်ဆိုတာ သိထား။

၄။ အခွင့်အရေးကို မရှာတတ်တဲ့ သူတွေကတော့ လက်ရှိအခြေအနေအပေါ်မှာ ညည်းညူနေကြလိမ့်မယ်။

၅။ ဆုံးရှုံးပြီးမှ တော့ ပြန်လွမ်းနေလို့ ဘာမှ မထူးဘူး။

၆။ အခွင့်အရေးဆိုတာက တစ်ကြိမ်ပဲ လာပြီး တံခါးခေါက်မယ်။ နောက်ထပ် တံခါးခေါက်တာက ပိုကောင်းချင်ကောင်းမယ်။ ပိုဆိုးချင် ဆိုးမယ်။ မသေချာဘူး။ အချိန်မှန်မှာ ဆုံးဖြတ်ချက်မှန်မှ ဖြစ်မယ်။ အချိန်မှားမှာ အဆုံး အဖြတ် မှန်ရင်လည်း အဆုံးအဖြတ်မှားပဲ ဖြစ်မယ်။

* * *

## ဒေးဗစ်နဲ့ ဂေါလီးယပ်(သ်)

သမ္မာကျမ်းစာထဲက “ဒေးဗစ်နဲ့ ဂေါလီးယပ်(သ်)” ဇာတ်လမ်းကို ကြားဖူးကြလိမ့်မယ်။ “ဂေါလီးယပ်(သ်)” က ဧရာမလူ့ဘီလူးကြီးပဲ။ သူ့ကို လူတိုင်းက ကြောက်ကြတယ်။ တစ်နေ့တော့ ၁၇ နှစ်သား၊ သိုးကျောင်းသားလေးက သူ့အစ်ကိုတွေဆီ လာပြီးမေးတယ်။

ဒီဘီလူးကြီးကို ဘာဖြစ်လို့ မချရဲကြတာလဲ။ အစ်ကိုတွေက “ဂေါလီးယပ်(သ်)”ကို သိပ်ကြောက်တော့ “သူက သိပ်ကိုကြီးမားလို့ ချလို့ မရဘူး”လို့ ပဲ ပြောလိုက်ကြတယ်။ ဒါပေမဲ့ “ဒေးဗစ်”က ပြန်ပြောလိုက်တယ်။ “သူက သိပ်ကြီးလို့ ပစ်မလွဲ ချမလွဲကြီးဗျ”။ ကျန်တဲ့ အပိုင်းကတော့ သမိုင်းတွင် ခဲ့တာပါပဲ။ လူ့ဗလံလေး “ဒေးဗစ်”က လူ့ဘီလူးကြီးကို တစ်ချက်တည်းနဲ့ အသေသတ်နိုင်ခဲ့တာ။

အပြုသဘောမြင်တတ်တဲ့ သူအဖို့ သဘောထားအမြင်ဟာ အောင်မြင်မှုအတွက် ခုတုံးတစ်ခုပါပဲ။ မကောင်းမြင်တတ်တဲ့ သူအတွက်တော့ ဒါဟာ အတားအဆီးကျောက်တုံးကြီးပဲ။ ကြီးပွားရေးစာအုပ်တွေရေးတဲ့ “နပိုလျံ ဟီးလ်” ကတော့

ပြ သ သ နာ အား လုံး မှာ တူညီတဲ့ ဒါမှ မဟုတ် ပိုမိုကြီးမားတဲ့ အခွင့်အရေးတွေရှိတယ်လို့ ဆိုတာပဲ။

"ကာလ်ဂါရီ" မျှော်စင်ကြီးဟာ အမြင့် ၁၉၀.၈ မီတာရှိတယ်။ မျှော်စင်ကြီးရဲ့ အလေးချိန်စုစုပေါင်းက ၁၀, ၈၈၄ တန်။ မြေအောက်မှာက ၆,၃၄၉ တန် မြုပ်နေတယ်။ မျှော်စင်ကြီးရဲ့ ၆၀ ရာခိုင်နှုန်းဟာ မြေကြီးထဲမှာ ပေါ့။

ဒါက ဘာကိုပြသလဲဆိုရင် အကြီးမားဆုံးအဆောက်အဦတွေဟာ အခိုင်မာဆုံး အုတ်မြစ် ချထားတယ်ဆိုတာပါပဲ။ အကြီးမားဆုံးအဆောက်အဦတွေက အခိုင်မာဆုံးအုတ်မြစ် ရှိတယ်ဆိုရင် အောင်မြင်မှုဆိုတာလည်း ဒီလိုပါပဲ။ အောင်မြင်မှုရဲ့ အုတ်မြစ်က "သဘောထား" ပါပဲ။

"သဘောထား" က လူတိုင်းအဖို့ မွေးလာကာစကတော့ အတူတူပါပဲ။ သူ့ပတ်ဝန်းကျင်၊ သူ့အလေ့အထနဲ့ သူ ပြောင်းသွားတတ်ကြတာပါ။

"သဘောထား" ဖြစ်ပေါ်လာစေတဲ့ အချက်က အင်္ဂလိပ်အက္ခရာ "အီး" သုံးလုံးပါပဲ။

၁။ Environment - ပတ်ဝန်းကျင်

၂။ Experience - အတွေ့အကြုံ

၃။ Education - ပညာရေး

## ပတ်ဝန်းကျင်

ပတ်ဝန်းကျင်ဆိုရာမှာ အောက်ပါအချက်တွေ ပါပါတယ်။

*နေအိမ် -အကောင်းအဆိုးဩဇာသက်ရောက်မှု

*ကျောင်း -သင်ပြမှုအကောင်းအဆိုး

*အလုပ် -အရာရှိတွေရဲ့ သွန်သင်မှုအကောင်းအဆိုး

*မီဒီယာ -ရုပ်မြင်သံကြား၊ ရေဒီယို၊ စာနယ်ဇင်း၊ ရုပ်ရှင်

*ယဥ်ကျေးမှုနောက်ခံ

*ဘာသာရေးနောက်ခံ

*ရိုးရာယုံကြည်မှု

*လူမှုအသိုင်းအဝန်း

*နိုင်ငံရေးအသိုင်းအဝန်း

## ပညာရေး

ပ ညာ ရေး ဆို ရာ မှာ သမားရိုးကျပညာရေးရော၊ သမားရိုးကျမဟုတ်တဲ့ ပညာရေးရော၊ နှစ်ခုလုံးကို ဆိုလိုပါတယ်။ ကျွန်တော်တို့ ဟာ သ တ င်း အ ချ က် အ လ က် တွေ ထဲ မှာ နစ်မြုပ်နေတယ်။ ဒါပေမဲ့ အသိပညာတော့ ငတ်မွတ်ခေါင်းပါးနေလေရဲ့ ။ မဟာဗျူဟာအရ အသုံးချတတ်ရင် အသိက ပညာကို ဘာသာပြန်ပေးပြီး အဲဒီကတစ်ဆင့် အောင်မြင်မှုကို ပြောင်းပေးနိုင်တယ်။

ပညာပေးသူရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ ဆရာတစ်ယောက်ရဲ့ သွန်သင်ပုံသွင်းမှုက သိပ်ကိုအရေးပါတယ်။ ပညာရေးက ကျွန်တော်တို့ ကို ဘယ်လိုအသက်မွေးဝမ်းကျောင်းရမလဲဆိုတာ သင်ပေးရုံမက၊

ဘယ်လိုအသက်ရှင်နေထိုင်ရမလဲဆိုတာလည်း သင်ပေးပါတယ်။

* * *

## အပြုသဘောထားခြင်းရဲ့ အကျိုး

အပြုသဘောထားခြင်းရဲ့ အကျိုးတွေ အများကြီးရှိတယ်။ အကျိုးတွေက မြင်ဖို့ လွယ်တယ်။ မြင်ဖို့ လွယ်တာတွေကို ကျော်သွားတတ်တာလည်း သတိထားပါ။

အပြုသဘောအကျိုးက လူတစ်ဦးချင်းအတွက်ဆိုရင်-

*ပုဂ္ဂလိကအနေနဲ့ ကျေနပ်မှုဖြစ်

*ခွန်အားဖြစ်စေ

*ဘဝရဲ့ ပျော်ရွှင်မှုကို တိုးစေ

*ကိုယ့်ပတ်ဝန်းကျင်က တခြားသူတွေကို လှုံ့ဆော်နိုင်

*လူသားကောင်းကျိုးနဲ့ နိုင်ငံကောင်းကျိုးကို ကူညီနိုင်

အဖွဲ့အစည်းအတွက်ဆိုရင်-

*ကုန်ထုတ်စွမ်းအား တိုးပွားစေ

*ပြဿနာကို ဖြေရှင်းနိုင်

*အဖွဲ့အစည်းစိတ်ဓာတ် တည်ဆောက်ပေး

*အရည်အသွေးမြှင့်တင်နိုင်

*သစ္စာရှိမှုမွေးမြူနိုင်

*အမြတ်တိုးပွား

*အလုပ်ရှင်၊ အလုပ်သမား၊ စားသုံးသူတွေနဲ့ ဆက်ဆံရေး ပိုကောင်းလာ

*စိတ်ဖိစီးမှုလျော့ပါး။

* * *

## မကောင်းမြင်သဘောထားရဲ့ အကျိုးဆက်

ဘဝဆိုတာက ခက်ခဲတဲ့ လမ်းကြောင်းပဲ။ မကောင်းတဲ့ သဘောထားရှိသူအတွက်တော့ အကြီးဆုံး အခက်အခဲပါပဲ။ မကောင်းမြင်သဘောထားရှိသူတွေဟာ မိတ်ဆွေဖြစ်မှုကိုလည်း ဟန့်တားပေးတယ်။ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ စတာတွေမှာလည်း ဒီလိုပဲ။ မကောင်းမြင်သဘောထားရဲ့ အကျိုးဆက်တွေက-

*ခါးသည်းမှု

*နောင်တရမှု

*ရည်ရွယ်ချက်မရှိတဲ့ ဘဝ

*မကျန်းမာမှု

*စိတ်ဖိစီးမှု(မိမိကိုယ်တိုင်ရော၊ သူတစ်ပါးအတွက်ပါ)

မကောင်းမြင်သဘောထားဟာ မသာယာတဲ့ ပတ်ဝန်းကျင်ကို

မွေးဖွားပေးတယ်။ မိမိရဲ့ မိသားစု၊ အလုပ်၊ ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေတယ်။ တခြားသူတွေကိုပါ မကောင်းတဲ့ ဓာတ်တွေ ပွားများ ပျံ့နှံ့စေတယ်။ နောင်လာမယ့် အနာဂတ်မျိုးဆက်အတွက်ပါ အဆိပ်အတောက်ဖြစ်တယ်။

မကောင်းတဲ့ အမြင်ရှိနေရင် သင့်ဘဝက အ က န့် အ သ တ် ဘော င် ထဲ မှာ နေရသလိုပဲ။ အလုပ်ခွင်ထဲက အောင်မြင်မှုကလည်း အကန့်အသတ်ပဲ။ မိတ်ဆွေတွေ နည်းလာမယ်။ ဘဝပျော်ရွှင်မှုလည်း ခေါင်းပါးလာမယ်။

* * *